ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၄၈) ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | အကောက်ခွန်သိုလှောင်ရုံအတွင်း ထည့်သွင်းခွင့်ပြုသည့်ကုန်ပစ္စည်းအုပ်စု စာရင်း ပြင်ဆင်ထုတ်ပြန်ခြင်းနှင့်စပ်လျဉ်းသည့် သတင်းစဉ်။ | ၂ |
| ၂။ | ကုန်သေတ္တာ(Container)/အလုံပိတ်ယာဉ်(Box Truck)များဖြင့်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် စောင့်ကြည့်စစ်ဆေးသည့်စနစ်(Logistics Surveillance System E-Lock) ကျင့်သုံးနိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် စံပြုလုပ်ငန်းစဉ်ထုတ်ပြန်ခြင်း။ | ၃-၅ |
| ၃။ | အီဂျစ်နိုင်ငံ၏နိုင်ငံရေးခိုလှုံခွင့်ဥပဒေသစ်သည် နိုင်ငံတကာဒုက္ခသည်များ၏ အခွင့်အရေးများကို ချိုးဖောက်ခြင်း။ | ၆-၈ |
| ၄။ | အမေရိကန်ပြည်ထောင်စုတွင် ကလေးသူငယ်အကြမ်းဖက်မှုအတွက်ထောင်ဒဏ် တစ်သက်၊ စွန့်ပစ်သောမိခင်အတွက် ထောင်ဒဏ် နှစ်(၅၀)ချမှတ်ခြင်း။ | ၉-၁၂ |
| ၅။ | အကူအညီဖြင့် မိမိကိုယ်ကိုအဆုံးစီရင်ခြင်းဆိုင်ရာဥပဒေကြမ်းအပေါ် ဗြိတိန် ပါလီမန်က ကနဦးသဘောတူလက်ခံခြင်း။ | ၁၃-၁၄ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၄၈) ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်

## အကောက်ခွန်သိုလှောင်ရုံအတွင်း ထည့်သွင်းခွင့်ပြုသည့် ကုန်ပစ္စည်းအုပ်စုစာရင်းပြင်ဆင်ထုတ်ပြန်ခြင်းနှင့်စပ်လျဉ်းသည့် သတင်းစဉ်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အကောက်ခွန်သိုလှောင်ရုံအတွင်း ထည့်သွင်းခွင့်ပြုသည့်ကုန်ပစ္စည်းအုပ်စုစာရင်းပြင်ဆင်ထုတ်ပြန်ခြင်းကို ၃၀-၁၁-၂၀၂၄ရက်စွဲပါ ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ (၇/၂၀၂၄)ဖြင့် အသိပေးကြေညာခဲ့ပါသည်။

အဆိုပါသတင်းလွှာအရ ၂၀၂၄ ခုနှစ် မေလ ၃၀ ရက်စွဲပါပို့ကုန်သွင်းကုန်နှင့်စပ်လျဉ်းသည့်သတင်းလွှာ (၂/၂၀၂၄) ဖြင့် ထုတ်ပြန်ထားသည့် ပြည်ပမှတင်သွင်းသည့် ကုန်ပစ္စည်းအုပ်စု ၄ မျိုး (HS Cde–10 Digit)ဖြင့် ကုန်စည် ၁၁၀၀ လိုင်းအား သွင်းကုန်လိုင်စင်ကြိုတင်ရယူရန်မလိုဘဲ အကောက်ခွန်ကုန်လှောင်ရုံအတွင်းထည့်သွင်းခွင့်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအထိသာ ခွင့်ပြုမည်ဖြစ်ကြောင်း၊ ယခုသတင်းလွှာပါကုန်ပစ္စည်းအုပ်စု ၅ မျိုး (HS Cde – 10 Digit) ဖြင့် ကုန်စည် ၆၈၅ လိုင်းနှင့် CMP စနစ်ဖြင့်တင်သွင်းသည့်ကုန်ကြမ်းပစ္စည်း၊ စက်ပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအနက် ကုန်ပစ္စည်း၄ မျိုး (HS Cde – 10 Digit) ဖြင့် ကုန်စည် ၆၈၅ လိုင်းကို အကောက်ခွန်ကုန်လှောင်ရုံဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောက်ခွန်ကုန်လှောင်ရုံအတွင်း ထည့်သွင်းခွင့်ကို ၂၀၂၅ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်ခွင့်ပြုမည်ဖြစ်ကြောင်းနှင့် CMP စနစ်ဖြင့်တင်သွင်းသည့်ကုန်ကြမ်းပစ္စည်း၊ စက်ပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအား အကောက်ခွန်ကုန်လှောင်ရုံအတွင်း ထည့်သွင်းခွင့်ကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှစတင် ခွင့်ပြုမည်ဖြစ်ကြောင်း၊ အမျိုးသားအဆင့်လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏သတ်မှတ်ချက်အထက် တန်ဖိုးမြင့်လျှပ်စစ်သုံးလူစီးယာဉ်များအား အကောက်ခွန်ကုန်လှောင်ရုံအတွင်းထည့်သွင်းခွင့်ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့အထိသာ ခွင့်ပြုမည်ဖြစ်ပြီး ကျန် Taxi၊ အများသုံးယာဉ်နှင့် လုပ်ငန်းသုံးယာဉ်များကို ယခင်အတိုင်း ဆက်လက်ထည့်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊အမိန့်နှင့် ညွှန်ကြားချက်များစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: ကုန်သွယ်ရေးဦးစီးဌာန

## ကုန်သေတ္တာ (Container) / အလုံပိတ်ယာဉ် (Box Truck)များဖြင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် စောင့်ကြည့်စစ်ဆေးသည့်စနစ် (Logistics Surveillance System E-Lock) ကျင့်သုံးနိုင်ရေးလိုက်နာဆောင်ရွက်ရမည့် စံပြုလုပ်ငန်းစဉ်ထုတ်ပြန်ခြင်း

အကောက်ခွန်ဦးစီးဌာနသည် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ နိုင်ငံတော်၏ရသင့်ရထိုက်သော အခွန်ဘဏ္ဍာငွေများရရှိစေရေး၊ တရားမဝင်ကုန်ပစ္စည်းတင်သွင်း/တင်ပို့မှုများအား ထိထိရောက်ရောက် တားဆီးနိုင်ရေး၊ ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေး၊ နိုင်ငံတကာသယ်ယူပို့ဆောင်ရေးစနစ်နှင့်အညီ ဖြစ်စေရေးတို့အတွက် ကုန်သေတ္တာ(Container)/အလုံပိတ်ယာဉ်(Box Truck)များဖြင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် စောင့်ကြည့်စစ်ဆေးသည့်စနစ် (Logistics Surveillance System E-Lock) ကျင့်သုံးနိုင်ရေးလိုက်နာဆောင်ရွက်ရမည့် စံပြုလုပ်ငန်းစဉ်ကို ၃၁-၁၀-၂၀၂၄ ရက်နေ့တွင်အမိန့်အမှတ် ၈/၂၀၂၄ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ကုန်သေတ္တာ(Container)/အလုံပိတ်ယာဉ်(BoxTruck)တို့ဖြင့် ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ရာတွင် စောင့်ကြည့်စစ်ဆေးသည့်စနစ် (Logistics Surveillance System E-Lock) အသုံးပြုခြင်းအားဖြင့် မကြာမီအကောင်အထည်ဖော်ဆောင်မည့် ASEAN Customs Tranist လုပ်ငန်းစဉ်ကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ပြီး ကုန်သွယ်မှုဆိုင်ရာအချက်အလက်များ မှန်ကန်စေခြင်း၊ နိုင်ငံတကာကုန်သွယ်မှုတွင် ကျင့်သုံးလျက်ရှိသောကုန်သေတ္တာနှင့် E-LOCK စနစ် တွဲဖက်အသုံးပြုသည့်စနစ်ကို ကျင့်သုံးနိုင်ခြင်း၊ တရားမဝင်ကုန်သွယ်မှုကို ထိရောက်စွာ တားဆီးထိန်းချုပ်နိုင်ခြင်း၊ ကုန်သွယ်မှုလျင်မြန်လွယ်ကူချောမွေ့စေခြင်း၊ Trade Data များကို အချိန်မရွေး ပြန်လည်ကြည့်ရှုစစ်ဆေးနိုင်ခြင်း၊ နိုင်ငံတော်နှင့်ပုဂ္ဂလိကကဏ္ဍတို့တွင် အကျိုးဖြစ်ထွန်းစေခြင်း၊ ရသင့်ရထိုက်သော နိုင်ငံတော်အခွန်ဘဏ္ဍာများရရှိစေနိုင်ခြင်း စသည့်ရည်ရွယ်ချက်များဖြင့် ယင်းစံပြုလုပ်ငန်းစဉ်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ယင်းစံပြုလုပ်ငန်းစဉ်တွင် စထွက်ရပ်(Starting Point)တွင်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်၊ ကြားစခန်း(Checkpoint)တွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်၊ ခရီးဆုံးရပ် (Final Destination) တွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်၊ ဗဟိုထိန်းချုပ်သည့်နေရာ (Control Centre) တွင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်၊ (E-Lock)ရုံးလုပ်ငန်းအဖွဲ့တွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်၊ E-Lock ကုန်သေတ္တာအား လွှဲပြောင်းတင်ဆောင်ခြင်းလုပ်ငန်းစဉ်ဟူ၍ လုပ်ငန်းစဉ် (၆)မျိုးရှိကြောင်း သိရှိရပါသည်။

စထွက်ရပ်(Starting Point) တွင်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ကုန်ပစ္စည်းပိုင်ရှင် သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် ၎င်း၏ကိုယ်စားလှယ်၊ E-Lock ကုမ္ပဏီနှင့် အကောက်ခွန်စစ်ဆေးရေးအဖွဲ့တို့က ဆောင်ရွက်ရမည့်ကိစ္စရပ်များကိုလည်းကောင်း၊ ကြားစခန်း(Checkpoint)တွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ အကောက်ခွန်စစ်ဆေးရေးအဖွဲ့က ဆောင်ရွက်ရမည့် ကိစ္စရပ်များကိုလည်းကောင်း၊ ခရီးဆုံးရပ် (Final Destination)တွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ကုန်ပစ္စည်းပိုင်ရှင် သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် ၎င်း၏ကိုယ်စားလှယ် (Agent)၊ အကောက်ခွန်စစ်ဆေးရေးအဖွဲ့နှင့် E-Lock ကုမ္ပဏီတို့က ဆောင်ရွက်ရမည့်ကိစ္စရပ်များကိုလည်းကောင်း၊ ဗဟိုထိန်းချုပ်သည့်နေရာ(Control Centre) တွင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ E-Lock တာဝန်ကျအကောက်ခွန်ဝန်ထမ်းနှင့်ကုမ္ပဏီဝန်ထမ်းတို့က ဆောင်ရွက်ရမည့်ကိစ္စရပ်များကိုလည်းကောင်း၊ E-Lock ရုံးလုပ်ငန်းအဖွဲ့တွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ E-Lock ရုံးလုပ်ငန်းအဖွဲ့၊ အကောက်ခွန်နှင့်ကုမ္ပဏီတို့က ဆောင်ရွက်ရမည့်ကိစ္စရပ်များကိုလည်းကောင်း၊ E-Lock ကုန်သေတ္တာအား လွှဲပြောင်းတင်ဆောင်ခြင်း လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ယာဉ်မောင်းနှင်သူ၊ ကုန်ပစ္စည်းပိုင်ရှင် သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် ၎င်း၏ကိုယ်စားလှယ်၊ အကောက်ခွန်စစ်ဆေးရေးအဖွဲ့၊ E-Lock ကုမ္ပဏီတို့က ဆောင်ရွက်ရမည့်ကိစ္စရပ်များကိုလည်းကောင်း ဖော်ပြထားကြောင်း သိရှိရပါသည်။

ကုန်သေတ္တာ(Container)/အလုံပိတ်ယာဉ်(Box Truck)များဖြင့် ကုန်ပစ္စည်းသယ်ယူပို့ဆောင်မှုများအားဆောင်ရွက်ရာတွင် တိုးချဲ့လမ်းကြောင်းသတ်မှတ်ခြင်း၊ ယာဉ်လမ်းကြောင်းအခြေအနေအရ

ကြာချိန်ပြန်လည်သတ်မှတ်ခြင်းစသည့် အကြောင်းအမျိုးမျိုးသော ပြင်ဆင်ခြင်းများပြုလုပ်မည်ဆိုပါက ယင်းစံပြုလုပ်ငန်းစဉ်ကို လိုအပ်သလို ပြင်ဆင်ပြောင်းလဲသတ်မှတ်သွားမည်ဖြစ်ကြောင်းနှင့် E-Lock စနစ်ဖြင့် ကုန်ပစ္စည်းများ ရွှေ့ပြောင်းသယ်ဆောင်ခြင်းနှင့်စပ်လျဉ်း၍ ကုန်သေတ္တာ(Container)၊ အလုံပိတ်ယာဉ် (Box Truck) များတွင် ခတ်နှိပ်ထားသည့် E-Lock အား ဖျက်ဆီးခြင်း၊ မသမာမှုပြုလုပ်ခြင်း၊သတ်မှတ်လမ်းကြောင်းနှင့်အချိန်ကာလအတွင်း သွားလာမှုမရှိခြင်းစသည်ဖြင့် ယင်းအမိန့်အား လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေ၊ အကောက်ခွန်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းနှင့်အစိုးရဌာန၊
အစိုးရအဖွဲ့အစည်းများအတွက်အမှုလိုက်ဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: www.customs.gov.mm

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ(၂) အမှတ် (၄၈) ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်

## အီဂျစ်နိုင်ငံ၏နိုင်ငံရေးခိုလှုံခွင့်ဥပဒေသစ်သည် နိုင်ငံတကာဒုက္ခသည်များ၏ အခွင့်အရေးများကို ချိုးဖောက်ခြင်း

လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (Human Rights Watch -HRW) သည် နိုင်ငံရေးခိုလှုံခွင့်တောင်းခံခြင်းဆိုင်ရာ ဥပဒေမူကြမ်းဖြစ်သည့် နိုင်ငံခြားသားများနိုင်ငံရေးခိုလှုံခွင့်ဆိုင်ရာ ဥပဒေ(Law Regarding the Asylum of Foreigners - LRAF)ကို ပြန်လည်ပြင်ဆင်ရန် အီဂျစ်အစိုးရကိုတောင်းဆိုခဲ့ပြီး နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီစေရန် အရပ်ဘက်အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာအဖွဲ့အစည်းတို့၏ အကြံဉာဏ်များရယူရန် တိုက်တွန်းခဲ့ပါသည်။ အီဂျစ်နိုင်ငံ၏လက်ရှိဥပဒေသည် အပြည်ပြည်ဆိုင်ရာဥပဒေအရ အီဂျစ်၏တာဝန်ရှိမှုများနှင့်ကိုက်ညီမှုမရှိဘဲ ဒုက္ခသည်များနှင့် နိုင်ငံတွင်းခိုလှုံခွင့်တောင်းခံသူများ၏အခွင့်အရေးများကို ထပ်မံချိုးဖောက်ခံရနိုင်ခြေတိုးမြှင့်စေနိုင်ကြောင်း အဆိုပါအဖွဲ့က ပြောကြားခဲ့ပါသည်။

နိုင်ငံခြားသားများနိုင်ငံရေးခိုလှုံခွင့်ဆိုင်ရာဥပဒေသည် ရေးဆွဲစဉ်ကပင် လူ့အခွင့်အရေးအဖွဲ့များနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာအဖွဲ့အစည်း (United Nation Refugee Agency -UNHCR) တို့ပါဝင်ခြင်းမရှိသည့်အတွက် များစွာသောယိုပေါက်များဖြစ်ပေါ်နေကြောင်း ဝေဖန်ခဲ့ကြပါသည်။

လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့သည် ၁၉၅၁ ခုနှစ် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ ကွန်ဗင်းရှင်းနှင့် ၁၉၆၉ ခုနှစ် အာဖရိကဒုက္ခသည်များဆိုင်ရာ ကွန်ဗင်းရှင်းအောက်ရှိ အီဂျစ်နိုင်ငံ၏ ကတိကဝတ်များကို ချိုးဖောက်သည့်ဥပဒေသစ်၏အားနည်းချက်များကို မီးမောင်းထိုးပြခဲ့ပြီး အဆိုပါအားနည်းချက်များတွင် လူတစ်ဦးချင်းစီကို ခိုလှုံခွင့်မှ ဖယ်ထုတ်ခြင်း သို့မဟုတ် ၎င်းတို့၏ဒုက္ခသည်အဆင့်အတန်းကို ပယ်ဖျက်ခြင်းတို့ကိုဦးတည်ပြီး ကျယ်ပြန့်ပြီးမရေရာသည့်စံနှုန်းများကို အသုံးပြုခြင်းတို့ပါဝင်ကြောင်း ဖော်ပြခဲ့ပါသည်။

ဥပဒေတွင် ကျန်းမာရေးစောင့်ရှောက်မှု၊ပညာရေး၊လွတ်လပ်စွာသွားလာခွင့်နှင့် စာရွက်စာတမ်းများပေးအပ်ခြင်းကဲ့သို့သော အခြေခံဒုက္ခသည်အခွင့်အရေးများကို အသိအမှတ်ပြုထားသော်လည်း

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာကွန်ဗင်းရှင်းနှင့် အာဖရိကဒုက္ခသည်များဆိုင်ရာကွန်ဗင်းရှင်းတို့တွင် ဖော်ပြထားသည့်ဒုက္ခသည်များဆိုင်ရာစံနှုန်းများနှင့် မကိုက်ညီသည့်ခြွင်းချက်များစွာပါဝင်ပါသည်။

ထို့ပြင် ဥပဒေအသစ်တွင် ဒုက္ခသည်ဆိုင်ရာကိစ္စရပ်များကို တာဝန်ခံဆောင်ရွက်ရန်နှင့် (United Nation Refugee Agency-UNHCR) ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် တာဝန်ရှိသည့်ဒုက္ခသည်များဆိုင်ရာအမြဲတမ်းကော်မတီကို ဖွဲ့စည်းမည်ဖြစ်ကြောင်းနှင့် အဆိုပါကော်မတီတည်ထောင်ခြင်းသည် ကုလသမဂ္ဂအေဂျင်စီများ၏လုပ်ငန်းများကို အနှောင့်အယှက်ဖြစ်စေမည်ဖြစ်ပါသည်။

လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၏ဒုက္ခသည်နှင့် ရွှေ့ပြောင်းနေထိုင်သူများအခွင့်အရေးဆိုင်ရာသုတေသီ Lauren Seibert က အဆိုပြုထားသည့် နိုင်ငံရေးခိုလှုံခွင့်ဥပဒေသည် ဒုက္ခသည်များနှင့် ခိုလှုံခွင့်ရှာဖွေသူများရင်ဆိုင်နေရသောအန္တရာယ်များနှင့် အကာအကွယ်ပေးခြင်းဆိုင်ရာကွာဟချက်များကို ပိုမိုဆိုးရွားစေမည်ဟု အခိုင်အမာပြောကြားခဲ့ပြီး အစိုးရအနေဖြင့် နိုင်ငံတကာစံနှုန်းများနှင့်အညီ ဤဥပဒေအား ပြန်လည်ပြင်ဆင်ရန် အရပ်ဘက်အဖွဲ့အစည်းများ၏ တောင်းဆိုချက်များကိုဂရုပြုသင့်ကြောင်း ပြောကြားခဲ့ပါသည်။

အီဂျစ်နိုင်ငံ၏ခိုလှုံခွင့်ဥပဒေကြမ်းကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် ပါလီမန်ကအတည်ပြုခဲ့ပြီးနောက် သမ္မတကလည်း အတည်ပြုခဲ့ပါသည်။ ဆူဒန်တွင် ၂၀၂၃ ခုနှစ် လက်နက်ကိုင်ပဋိပက္ခစတင်ကတည်းက အီဂျစ်နိုင်ငံ၌ကြုံတွေ့နေရသော ရွှေ့ပြောင်းအခြေချအကျပ်အတည်းကို တုံ့ပြန်ရန် ဤဥပဒေအသစ်အား အကောင်အထည်ဖော်ရန်လိုအပ်သည်ဟု မှတ်ယူရကြောင်းနှင့် ဆူဒန်ပဋိပက္ခကြောင့် လူပေါင်း ၁၀ သန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး အီဂျစ်သည် လက်ရှိတွင် အဆိုပါဒုက္ခသည်များအနက် ၁.၂ သန်းကျော်ကို လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။ အစိုးရသည် ဆူဒန်ဒုက္ခသည်အကျပ်အတည်းကိုကိုင်တွယ်ဖြေရှင်းမှုနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (Amnesty International) ကဲ့သို့ နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့များ၏ဝေဖန်မှုကိုခံခဲ့ရပြီး

အလားတူအဖွဲ့အစည်းကလည်း အဆိုပြုထားသည့်ခိုလှုံခွင့်ဥပဒေကြမ်းကိုဝေဖန်ခဲ့ပြီး လူ့အခွင့်အရေးဆိုင်ရာစိုးရိမ်မှုများကြောင့်ပယ်ချရန် အစိုးရကို တိုက်တွန်းခဲ့ကြောင်း သိရှိရပါသည်။

မူဝါဒနှင့်ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့်
လုပ်ငန်းစိစစ်ရေးဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

-https://www.Jurist.org/news/2024/12/egypts-new-asylum-law-violates-international-refugee-rights/

## အမေရိကန်ပြည်ထောင်စုတွင် ကလေးသူငယ်အကြမ်းဖက်မှုအတွက် ထောင်ဒဏ်တစ်သက်၊ စွန့်ပစ်သောမိခင်အတွက် ထောင်ဒဏ် နှစ်(၅၀) ချမှတ်ခြင်း

အမေရိကန်ပြည်ထောင်စု၊ တက္ကဆတ်ပြည်နယ်(Texas)၊ ဟွတ်စ်တန်(Huston)မြို့တွင် ၂၀၂၀ ခုနှစ်က လူမှုအသိုင်းအဝိုင်းကို တုန်လှုပ်ချောက်ခြားစေခဲ့သော ကလေးသူငယ်နှိပ်စက်ညှဉ်းပန်းမှုတစ်ခု ဖြစ်ပွားခဲ့သည်။

ဘရိုင်ယန် ကောလ်တာ(Brian Coulter)အမည်ရှိ အသက် ၃၄ နှစ်အရွယ်အမျိုးသားတစ်ဦးသည် ဂလိုရီယာဝီလီယမ်စ်(Gloria Williams) အမည်ရှိ အသက် ၃၈ နှစ်အရွယ် ကလေးမိခင်တစ်ဦးနှင့် ချစ်သူအဖြစ် လက်တွဲနေစဉ်ကာလအတွင်း ဂလိုရီယာ၏ကလေးငယ်များကို အဆက်မပြတ် အကြမ်းဖက်နှိပ်စက်ညှဉ်းပန်းခဲ့ပြီး ၂၀၂၀ ခုနှစ်တွင် ဂလိုရီယာ၏ အသက် ၈ နှစ်အရွယ်သားဖြစ်သူ ကန်းဒရစ်လီ(Kendrick Lee) ကို ရိုက်နှက်သတ်ဖြတ်ပြီးနောက် သေဆုံးနေသည့် Kendrick Lee ၏ ရုပ်အလောင်းဘေးတွင် အသက်(၇)နှစ်၊(၁၀)နှစ်၊(၁၅)နှစ်အရွယ်ရှိသား(၃)ဦးတို့အား စွန့်ပစ်ထားရှိကာ ဂလိုရီယာနှင့် ဘရိုင်ယန်တို့မှာ Kendrick Lee သေဆုံးမှုအား ဖုံးကွယ်ရန် ကြိုးစားခဲ့ကြသည်။

၂၀၂၁ ခုနှစ်တွင် အသက်(၁၅)နှစ်အရွယ်စွန့်ပစ်ခံသားဖြစ်သူမှ ကယ်ဆယ်ရေးဌာနကို သတင်းပို့ဆက်သွယ်ခဲ့ရာမှ ကန်းဒရစ်လီ၏ရုပ်အလောင်းအကြွင်းအကျန်အရိုးစုများကို ရဲတပ်ဖွဲ့က ဖော်ထုတ်နိုင်ခဲ့ပြီး ဘရိုင်ယန်ကောလ်တာသည် ကန်းဒရစ်လီအား ရိုက်သတ်မှုအပါအဝင် ကလေးများအား နှိပ်စက်ညှဉ်းပန်းမှုအတွက် စွဲချက်တင်ခြင်းခံခဲ့ရသည်။ စုံစမ်းဖော်ထုတ်သောရဲတပ်ဖွဲ့ဝင်အဒ်ဂွန်ဇာလက် (Ed Gonzalez)က "တိုက်ခန်းတစ်ခုလုံးမြင်မကောင်းလောက်အောင် ဖြစ်နေတာကိုတွေ့ရတယ်၊ စောင်မရှိ၊ အိပ်ယာမရှိဘဲ ယင်ကောင်တွေများစွာနဲ့ ဒီမှာနေထိုင်သူတွေအတွက် အဆိုးရွားဆုံး အခြေအနေတွေဖြစ်နေတာကိုတွေ့ရတယ်၊ သေဆုံးနေတဲ့ ကန်းဒရစ်လီရဲ့အလောင်းကို စောင်နဲ့ ဖုံးအုပ်ထားတယ်"ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ် ဧပြီလတွင် ဘရိုင်ယန်ကောလ်တာသည် ကလေးသူငယ်များအား နှိပ်စက်ညှဉ်းပန်းရိုက်နှက်မှုနှင့် ကန်းဒရစ်လီအား သတ်ဖြတ်မှုအတွက် အပြစ်ရှိကြောင်းပေါ်ပေါက်သဖြင့်

လွတ်ငြိမ်းချမ်းသာခွင့်မရှိသော ထောင်ဒဏ်တစ်သက် ချမှတ်ခြင်းခံခဲ့ရသည်။ ဟွတ်စ်တန်အစိုးရ ရှေ့နေများက ယခုအမှုသည်မြင်တွေ့ဖူးသမျှတွင် အဆိုးရွားဆုံးကြောက်မက်ဖွယ်အကောင်းဆုံးသော ကလေးသူငယ်နှိပ်စက်ညှဉ်းပန်းမှုဖြစ်ကြောင်း မှတ်ချက်ပြုခဲ့သည်။

ထို့နောက်တွင် သေဆုံးသူကလေးသူငယ်အပါအဝင် ကလေးများ၏မိခင်ဖြစ်သော ဂလိုရီယာ ဝီလီယမ်စ်သည် မိမိကလေးသူငယ်များအားစွန့်ပစ်မှုနှင့် ဘရိုင်ယန်ကောလ်တာ၏လူသတ်မှုကိုဖုံးကွယ်မှုများဖြင့် စွဲချက်တင် ဖမ်းဆီးစစ်ဆေးခြင်းခံခဲ့ရသည်။ အမှုစုံစမ်းစစ်ဆေးစဉ်အတွင်း ဝီလီယမ်စ်က ၎င်း၏ကလေးငယ်များကို ဘရိုင်ယန်ကောလ်တာ ရိုက်နှက်ကန်ကျောက်နှိပ်စက်နေသည်ကိုမြင်တွေ့သော်လည်း ကြောက်လန့်သဖြင့် မတားဆီးခဲ့ကြောင်း၊ သားဖြစ်သူ ကန်းဒရစ်လီသေဆုံးသည်ကို တွေ့ရှိသော်လည်း ရဲများအဖမ်းခံရမည်စိုးသဖြင့် ရုပ်အလောင်းကို ကျန်ကလေးငယ်(၃)ဦးနှင့်အတူ အခင်းဖြစ်တိုက်ခန်းအတွင်းစွန့်ပစ်ထားရိုက်ာ ၎င်းနှင့်ဘရိုင်ယန်တို့မှာ အခြားတိုက်ခန်းတွင်သွားရောက်နေထိုင်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံပြောဆိုခဲ့ပါသည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ဂလိုရီယာဝီလီယမ်စ်သည် အန္တရာယ်အရှိဆုံး အခြေအနေတွင် ကလေးငယ်များကို စွန့်ပစ်ခြင်း၊ လူသတ်မှုကျူးလွန်ခြင်းကို ဖုံးကွယ်ခြင်း၊ ကလေးသူငယ်ကိုနာကျင်စေခြင်းစသည့်ပြစ်မှုများအတွက် ထောင်ဒဏ်နှစ်(၅၀)ချမှတ်ခြင်းခံခဲ့ရသည်။ ယင်းထောင်ဒဏ် နှစ်(၅၀)အနက် (၂၅)နှစ်ကို အပြည့်ကျခံပြီးနောက်မှ လွတ်ငြိမ်းချမ်းသာခွင့်ရရှိရန် လျှောက်ထားခွင့်ရှိမည်ဖြစ်သည်။ ဂလိုရီယာဝီလီယမ်စ်သည် ၎င်း၏သားများအား နှိပ်စက်ခံရခြင်းမှ ကာကွယ်ရန် လုံလောက်သောအခြေအနေများရှိခဲ့သော်လည်း ကာကွယ်ရန် ပျက်ကွက်ခဲ့ခြင်းကြောင့် ထိုသို့ အပြင်းထန်ဆုံးပြစ်ဒဏ်ချမှတ်ခံရခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စုတွင် ကလေးသူငယ်များအား အကြမ်းဖက်မှု(child abuse) သို့မဟုတ် ညှဉ်းပန်းနှိပ်စက်မှုကျူးလွန်သူကို တရားစွဲဆိုရာတွင် Federal Law ဖြစ်သည့် Child Abuse Prevention and Treatment Act (CAPTA) နှင့် သက်ဆိုင်ရာပြည်နယ်အလိုက်ပြဌာန်းထားသောဥပဒေများကိုပေါင်းစပ်၍ အသုံးပြုသည်။ CAPTA သည် ကလေးသူငယ်များအား အကြမ်းဖက်မှု

နှင့်အလွဲသုံးစားမှုများကိုကာကွယ်ရေးအတွက် အခြေခံဥပဒေဖြစ်သည်။ CAPTA အရ ကလေးသူငယ်အား ညှဉ်းပန်းနှိပ်စက်မှုသည် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာအကျိုးသက်ရောက်မှုများ ဖြစ်စေပါက ပြစ်မှုအဖြစ် သတ်မှတ်သည်။

ပြည်နယ်ဥပဒေအဖြစ် အခင်းဖြစ်ပွားရာ(တက္ကဆတ်)Texas ပြည်နယ်တွင်ကလေးသူငယ်ကို ညှဉ်းပန်းနှိပ်စက်ခြင်းအား ပြစ်မှုအဖြစ်သတ်မှတ်ထားပြီး Texas Penal Code Section 22.04 အရ ပြစ်မှုအတိမ်အနက်အလိုက် အနည်းဆုံးထောင်ဒဏ် (၂)နှစ်မှ အများဆုံးထောင်ဒဏ် (၉၉)နှစ်အထိ ပြစ်ဒဏ်ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

ကလေးသူငယ်တစ်ဦးအား အန္တရာယ်ရှိသောအခြေအနေတွင်ထားရှိခြင်း သို့မဟုတ် စွန့်ပစ်ခြင်း (Abandoning or Endangering a Child) ကို Second-Degree Felony အဖြစ် သတ်မှတ်ပါက အနည်းဆုံးထောင်ဒဏ်(၂)နှစ်မှ အများဆုံးထောင်ဒဏ် နှစ်(၂၀)အထိချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

ကလေးသူငယ်ညှဉ်းပန်းနှိပ်စက်မှုများကို အမေရိကန်ပြည်ထောင်စုတွင် အလွန်အရေးကြီးကိစ္စများအဖြစ် ကိုင်တွယ်ဖြေရှင်းလေ့ရှိပြီး ပြည်နယ်များအလိုက် ပြဋ္ဌာန်းဥပဒေကွဲပြားမှုများရှိသော်လည်း အရေးယူဆောင်ရွက်ရာတွင် သက်ဆိုင်ရာပြည်နယ်အလိုက်ပြဋ္ဌာန်းသည့်ဥပဒေကို CAPTA ဥပဒေနှင့် ပေါင်းစပ်၍ တရားစွဲဆိုအပြစ်ပေးလျက်ရှိသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကို ၂၀၁၉ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၂ ဖြင့် ပြဋ္ဌာန်းခဲ့ပြီး မည်သူမဆို ကလေးသူငယ်အား အရက်၊ ဘီယာ ဝယ်ခိုင်းခြင်း၊ ရောင်းချခြင်း၊ သောက်ရန် တိုက်တွန်းခြင်း သို့မဟုတ် သောက်ရန် ခွင့်ပြုခြင်း၊ မိဘဆွေမျိုးမပါဘဲ ကပွဲ (dayclub၊ nightclub)၊ ကာရာအိုကေ သို့မဟုတ် အနှိပ်ခန်းတွင် ဝင်ရောက်ခွင့်ပြုခြင်း၊ စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ ရိုက်နှက်ပြစ်ဒဏ်ပေးခြင်း၊ ရုပ်ပိုင်းဆိုင်ရာနှိပ်ကွပ်အနိုင်ကျင့်ခြင်းတို့ကျူးလွန်ပါက ထိုသူကို အနည်းဆုံးတစ်လမှ အများဆုံး ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊

အနည်းဆုံးကျပ် တစ်သိန်းမှ အများဆုံးကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံး ဖြစ်စေ ချမှတ်ရမည်ဟု ယင်းဥပဒေပုဒ်မ- ၁၀၀(က)တွင် ပြဋ္ဌာန်းထားသည်ကို သိရှိရပါသည်။

ထို့ပြင် မသန်စွမ်းကလေးသူငယ်အား နိုင်ထက်စီးနင်းအကြမ်းဖက်ခြင်း၊ အလွဲသုံးခြင်း၊ ခေါင်းပုံဖြတ်ခြင်း သို့မဟုတ် ခွဲခြားဆက်ဆံခြင်း၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ဂုဏ်သိက္ခာဆိုင်ရာထိခိုက်မှုဖြစ်စေသော အလုပ်လုပ်ရန်ခိုင်းစေခြင်း၊ဘေးအန္တရာယ်ရှိသော အလုပ်ကို ဖြစ်စေ၊ ကျန်းမာရေးထိခိုက်စေသောအလုပ်ကိုဖြစ်စေ ခိုင်းစေခြင်း သို့မဟုတ် လုပ်ကိုင်ရန်ခွင့်ပြုခြင်း၊ အဓမ္မအလုပ်ခိုင်းစေခြင်း သို့မဟုတ် အဓမ္မဝန်ဆောင်မှုပေးစေခြင်း၊ နှိပ်စက်ညှဉ်းပန်းမှု ရက်စက်ကြမ်းကြုတ်မှု၊ လူမဆန်သော သို့မဟုတ် ဂုဏ်သိက္ခာကျဆင်းစေသော နှိမ့်ချပြုမူဆက်ဆံမှုတို့ ပြုကျင့်ခြင်းတို့ကိုကျူးလွန်ပါက ကျူးလွန်သူကို အနည်းဆုံးရှစ်လမှအများဆုံးငါးနှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ရှစ်သိန်းမှ အများဆုံးကျပ် ၁၆ သိန်းအထိ ငွေဒဏ်လည်း ချမှတ်နိုင်ကြောင်း ယင်းဥပဒေပုဒ်မ ၁၀၃(က)တွင် ပြဋ္ဌာန်းထားသည်ကို သိရှိရပါသည်။

လေ့ကျင့်သင်ကြားရေးဌာနခွဲ

ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက် ; https://www.khou.com/article/news/local/brian-coulter-guilty-murder-kendrick-lee/285-a06499f1-20d0-4d5d-8ed3-4367efc0b66c

; https://abc13.com/post/kendrick-lee-killed-mom-gloria-williams-sentenced-50-years-prison-case-son-found-dead-apartment/15541038/

; Texas Constitution and Statutes website

; U.S. Department of Health and Human Services website.

## အကူအညီဖြင့် မိမိကိုယ်ကို အဆုံးစီရင်ခွင့်ဆိုင်ရာဥပဒေကြမ်းအပေါ် ဗြိတိန်ပါလီမန်က ကနဦးသဘောတူလက်ခံခြင်း

ဗြိတိန်နိုင်ငံပါလီမန်သည် နာရီပေါင်းများစွာ ဆွေးနွေးငြင်းခုံပြီးနောက် "အကူအညီဖြင့် မိမိကိုယ်ကိုအဆုံးစီရင်ခြင်းဆိုင်ရာဥပဒေကြမ်း"နှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရန် မဲခွဲဆုံးဖြတ်လိုက်ကြောင်း သိရှိရပါသည်။

အဆိုပါဥပဒေကြမ်းအရ အသက်ဆက်လက်ရှင်သန်ရန် ၆ လအောက်သာ ကျန်ရှိသော အသက် ၁၈ နှစ် ပြည့်ပြီးသည့် အရွယ်ရောက်ပြီးသူများအနေဖြင့် ဆေးပညာအကူအညီဖြင့် မိမိတို့၏ အသက်ကို အဆုံးသတ်ခွင့်ရရှိကြမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာ၌ အခြားနိုင်ငံများတွင် အသုံးပြုသည့်ဖြေရှင်းခြင်းနည်းလမ်းများအနက် ဆွစ်ဇာလန်နိုင်ငံ၌အသုံးပြုသည့် Digitas နည်းပညာကို စံနမူနာထား၍ ဆောင်ရွက်မည်ဖြစ်သည်။ ဥပဒေမူကြမ်းတင်သွင်းသူ ပါလီမန်အမတ် Kim Leadbeater က ဤအစီအစဉ်တွင် စိတ်ပိုင်းဆိုင်ရာကြွံခိုင်သန်စွမ်းသူများကသာ ကာယကံရှင်၏ သဘောတူညီမှုဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း အလေးပေး ဆွေးနွေးခဲ့သည်။

ပါလီမန်တွင် ကိုယ်စားလှယ် ၁၆၀ ဦးက ဥပဒေကြမ်းအပေါ် သဘောထားထင်မြင်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး လက်ရှိကျင့်သုံးသည့်ဥပဒေသည် သေလုမြောပါးဖြစ်သွားသည့် လူနာများနှင့် ၎င်းတို့၏မိသားစုများအတွက် ပြည့်စုံလုံလောက်မှုမရှိခြင်းအပေါ် အမြင်တူညီကြသော်လည်း အကူအညီဖြင့်အဆုံးစီရင်ခွင့်ပြုခြင်းသည် ယင်းကိစ္စအတွက် မှန်ကန်သောဖြေရှင်းနည်း ဟုတ် မဟုတ်နှင့် စပ်လျဉ်း၍မှု အမြင်ကွဲပြားခဲ့ကြသည်။

မိသားစုများအပေါ်ကျရောက်သည့် ဝန်ထုပ်ဝန်ပိုးကိုအကြောင်းပြု၍ လူနာများအား မိမိ၏ ရှင်သန်မှုကို အဆုံးသတ်ရသည့်အဖြစ်သို့ တွန်းပို့မည်ကို အချို့အတိုက်အခံကိုယ်စားလှယ်များက စိုးရိမ်ကြသည်။ Leadbeater ကမူ ဥပဒေကြမ်းကြောင့် ထိုအခြေအနေမျိုးတိုးပွားလာလိမ့်မည် မဟုတ်ကြောင်းပြောကြားပြီး ထိုအခြေအနေသည် လျှို့ဝှက်နည်းဖြင့် ဖြစ်ပွားလေ့ရှိကြောင်း၊ ဤဥပဒေကြမ်းအားဖြင့် တစ်ဦးချင်းအတွက် ပို၍လုံခြုံစိတ်ချမှုရှိသော ပွင့်လင်းမြင်သာစွာဆောင်ရွက်သည့်

နည်းကိုဖော်ဆောင်နိုင်မည်ဖြစ်ပြီး တိကျသောစည်းကမ်းသတ်မှတ်ချက်များနှင့် ခိုင်မာအားကောင်းသည့်အကာအကွယ်များဖြင့် အဆိုပါအခြေအနေများကို တားဆီးဟန့်တားနိုင်လိမ့်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ဥပဒေကြမ်းသည် လူမှုအသိုင်းအဝိုင်းအပေါ် သို့မဟုတ် ဆေးဝါးအထောက်အပံ့နှင့်စပ်လျဉ်း၍ ဝန်ထုပ်ဝန်ပိုးဖြစ်သည်ဟု ယူဆခံထားရသည့် မသန်စွမ်းသူများနှင့်အခြားအုပ်စုများက အသုံးချလာနိုင်သည့် ဆန့်ကျင်ဘက်သက်ရောက်နိုင်ခြေအပေါ် လွှတ်တော်ကိုယ်စားလှယ်များက စိုးရိမ်ကြောင်း တင်ပြကြသည်။ ထို့ပြင် ဥပဒေကြမ်းပါအကာအကွယ်များသည် အချိန်ကာလကြာလျှင် တဖြည်းဖြည်းလျော့ပါးလာနိုင်ကြောင်းနှင့် ဥပဒေပါအခွင့်အရေးများကိုကျယ်ပြန့်စွာ အဓိပ္ပာယ်ဖွင့်ဆိုမှုများဖြစ်ပေါ်လာနိုင်ကြောင်းတို့ကိုလည်း စိုးရိမ်ကြပါသည်။

လက်ရှိဗြိတိန်နိုင်ငံ၏ဥပဒေအရ အခြားသူ၏အဆုံးစီရင်မှုတွင် ပါဝင်ပတ်သက်ခြင်းကို ရာဇဝတ်မှုအဖြစ်သတ်မှတ်ထားပါသည်။ ထိုသို့သတ်မှတ်ထားခြင်းကို အသက်ရှင်ရန်မျှော်လင့်ချက်နည်းပါးသော နာမကျန်းသူများ၏မိသားစုများအတွက် စိတ်ဖိစီးစရာကိစ္စရပ်အဖြစ် ဖော်ပြကြကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

- http:// www. Jurist org/news/2024/11/Uk parliament gives initial approval to pass assisted dying bill/

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၄၈) ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

